## မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင်၊ အမျိုးသားသူရဲကောင်း

## ဒေါ်အောင်ဆန်းစုကြည် အသက် ၆၀ ပြည့်မွေးနေ့ လွတ်မြောက်ရေးဆုတောင်းပွဲ

### (ကိုရီးယားနိုင်ငံ အခြေစိုက် မြန်မာအဖွဲ့အစည်းအသီးသီးများ၏ ပူးတွဲဆုတောင်းနှင့် တောင်းဆိုကြေညာချက်)

နေ့စွဲ ။ ။၂၀၀၅ ဇွန် ၁၉ ၊ ဖူချွန်းမြို့၊ ကိုရီးယားနိုင်ငံ

ယနေ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် ၆၀ ပြည့်မွေးနေ့ ဖြစ်ပေသည်။ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မိမိ၏မွေးနေ့အခါတွင် တဦးတည်းသော အချုပ်နှောင်ခံ နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင်အဖြစ် လွတ်လပ်ခြင်းကင်းမဲ့စွာ နေအိမ်တွင် အကျယ်ချုပ်ကျလျက် ရှိသည်။

နအဖစစ်အုပ်စုက ၁၉၉၀ ပြည့်နှစ်တွင် ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့သော်လည်း ယနေ့တိုင် လွှတ်တော်ခေါ်ယူပေးရန် ပျက်ကွက်နေပြီး၊ အနိုင်ရပါတီအား အာဏာလွှဲပြောင်းပေးရန်လည်း လုံးဝလုပ်ဆောင်မှုမရှိပေ။ နအဖစစ်အုပ်စုသည် အမျိုးသား ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်နှောင်ဖမ်းဆီးထားပြီး နိုင်ငံတော်အာဏာကို အဓမ္မသိမ်းယူထားသည်မှာ ယနေ့တိုင် ဖြစ်သည်။

အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များက နအဖစစ်ကောင်စီအား အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် အကြိမ်ကြိမ်တောင်းဆိုသည်ကိုလည်း ငြင်းဆန်လျက်ရှိသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံ မိသားစုများက တောင်းဆိုထားသည့် တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကိုလည်း တခုမျှ အကောင်အထည်ဖော်ခြင်း မရှိပေ။

နအဖစစ်အုပ်စုသည် ပြည်သူလူထုအပေါ် စစ်တပ်က အမြဲကြီးစိုးရေးကို ဦးတည်သော နိုင်ငံရေးလမ်းညွှန် ၇ ချက်၊ ဦးတည်ချက် ၆ ရပ်၊ အခြေခံမူ ၁၀၄ ချက်၊ အမျိုးသားညီလာခံ စသည့် အတုအယောင် ဟန်ပြလုပ်ငန်းများဖြင့် အပေါ်ယံ ခင်းကျင်းလုပ်ဆောင် လျက်ရှိပြီး၊ လက်တွေ့တွင် တိုင်းရင်းသား ပြည်သူလူထုအား မတရားဖမ်းဆီး၊ ဖိနှိပ်၊ သတ်ဖြတ်၊ အဓမ္မကျင့်လျက်ရှိသည်။

နအဖစစ်အုပ်စုသည် အမျိုးသားရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ဒေါ်အောင်ဆန်း စုကြည်နှင့် ထောက်ခံအားပေးသူ ပြည်သူများအား ၂၀၀၃ မေ ၃၀ တွင် ဒီပဲယင်းအကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုကို ကျူးလွန်ရုံမျှမက ဒေါ်အောင်ဆန်းစုကြည်အား ယနေ့တိုင် ချုပ်နှောင်ထားဆဲ ဖြစ်သည်။

အမျိုးသားခေါင်းဆောင်အား ချုပ်နှောင်ထားခြင်းမှာ တမျိုးသားလုံး၏ဆန္ဒကို ဆန့်ကျင်စော်ကားခြင်း ဖြစ်ပေသည်။

အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မည်သို့ပင် ဖိနှိပ်ချုပ်နှောင်ထားစေကာမူ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို မြတ်နိုးသော ကမ္ဘာ့ပြည်သူများနှင့်တကွ မြန်မာတမျိုးသားလုံး၏ နှလုံးသားတွင် ဒေါ်အောင်ဆန်းစုကြည်

အခိုင်အမာရှိနေသည်ကို  သူမ၏ အသက် ၆၀ ပြည့် မွေးနေ့ဖြစ်သည့် ယနေ့တွင် ကျွန်ုပ်တို့အားလုံးက တညီတညွတ်တည်း ထုတ်ဖော်ပြသလိုက်ရပေသည်။

ယနေ့ကျရောက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ အသက် ၆၀ ပြည့် မွေးနေ့အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလျက် အနှောင်အဖွဲ့အားလုံးမှ အမြန်ဆုံး လွတ်မြောက်ပါစေကြောင်း လေးနက်စွာ ဆုတောင်းအပ်ပါသည်။

ယနေ့ပြုလုပ်သည့် ဒေါ်အောင်ဆန်းစုကြည် အသက် ၆၀ ပြည့်မွေးနေ့ လွတ်မြောက်ရေးဆုတောင်း အခမ်းအနားတွင် တက်ရောက် လာကြသော ကိုရီးယားပြည်သူများနှင့် မြန်မာ့ဒီမိုကရေစီရေး အင်အားစုများက နအဖစစ်အုပ်စုအား အောက်ပါအချက်များကို အမြန်ဆုံး လုပ်ဆောင်ရန် အလေးအနက် တောင်းဆိုလိုက်ပေသည်။

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်
(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သော တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံး အကောင်အထည်ဖော်ရန်
(၃) မြန်မာနိုင်ငံအတွင်း စစ်အုပ်စုက စနစ်တကျကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုအားလုံးကို ချက်ချင်း ရပ်ဆိုင်းရန်

<u>ပူးတွဲပါဝင်သော မြန်မာအဖွဲ့အစည်းများ</u>

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲ
၂။ မြန်မာအသင်း (ကိုရီးယား)
၃။ ဆောင်နမ်းမြန်မာလူမှုရေးအသင်း
၄။ ချင်းလူမှုရေးအသင်း
၅။ မြန်မာကလေးသူငယ်ပညာရေးထောက်ပံ့မှုအစီအစဉ်
၆။ ကူကီးကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
၇။ ထောင်စုပြတင်းဂျာနယ်